
## ရှေးခေတ်ရွှေတိဂုံ



မြန်မာနိုင်ငံသားတိုင်းနှင့် ဗုဒ္ဓဘာသာဝင်တို့အတွက် ဂုဏ်ယူဝင့်ကြွား သပ္ပာယ်ကြည်ညိုစရာ အထွတ်အမြတ်အဖြစ် တည်ရှိနေသော ရွှေတောင်ကြီးပမာ မိုးသို့ဖွင့်နေသည့် ရွှေတိဂုံစေတီတော်မြတ်၏ ၁၈၈၇ ခုနှစ် မတိုင်မီက မှတ်တမ်းဓာတ်ပုံဖြစ်သည်။

မှတ်တမ်းတင်စဉ်အချိန်က စေတီတော်ကြီး၏ တောင်ဘက်မုခ်ဝသည် သာယာဝတီမင်းတရားကြီး တည်ဆောက်လှူဒါန်းခဲ့သော မြန်မာရှေးခေတ် အနုလက်ရာများဖြင့်အတိ ပြီးခဲ့သည်။ (၁၈၃၇-၄၆) ခုနှစ်ထိ တည်ရှိခဲ့သော အဆိုပါ ရွှေတိဂုံစေတီတော်ဘက် မုခ်ဝတွင် အစောင့်အရှောက်များအဖြစ် နတ်ရုပ်များကို ထုလုပ်တည်ဆောက်ထားသည်ကို တွေ့ရသည်။ တောင်ဘက်မုခ်ဝအဝင် လမ်းဘေးဝဲယာတို့တွင် သာယာဝတီမင်းတရားကြီး ဆောက်လုပ်လှူဒါန်း့ သော ဘုရားဖူးများ တည်းခိုနိုင်သော ရှေးခေတ်ဇရပ်များကိုလည်း တွေ့မြင်ရသည်။ ထိုခေတ်ထိုကာလက ရန်ကုန်မြို့တော်တွင် ပြေးဆွဲနေကြသော ရထားလုံးများသည် အိန္ဒိယနိုင်ငံသားများကသာ ပိုင်ဆိုင်သော သယ်ယူပို့ဆောင်ရေးယာဉ်များ ဖြစ်ကြသည်။



## ရွှေဘိုမှ မျိုးချစ်သူရဲကောင်းများ

မြန်မာသမိုင်းတွင် ငါးမည်ရ ပြည်ရွှေဘိုဟု ထင်ရှားခဲ့သော မြန်မာ့သူရဲကောင်း အလောင်းဘုရား ဦးအောင်ဇေယျ၏ မျိုးချစ်စိတ်ဓာတ်သည် ၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲသို့တိုင် ရှင်သန်ခဲ့သည်။ သူ့ကျွန်မခံလိုသော ရှေးခေတ်မြန်မာ သူရဲကောင်းများ၏ တော်လှန်မှုကို နယ်ချဲ့တို့က သူခိုး၊ ဓားပြများအသွင် ခိုးဆိုးတိုက်ခိုက်သူများဟု နှိမ့်ချခဲ့သည်။ သို့ရာတွင် မျိုးချစ်သူရဲကောင်းများ၏ သူ့ကျွန် မခံလိုသော စိတ်ဓာတ်ကို နယ်ချဲ့တို့ မတွန်းလှန်နိုင်ခဲ့။ ပုံမှာ တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် နယ်ချဲ့တို့ကို ပုန်ကန်ခြားနားခဲ့သော်လည်း လက်နက်အင်အားမမျှသဖြင့် ဖမ်းဆီးခံခဲ့ရသော မြန်မာ့မျိုးချစ်သူရဲကောင်းများ ဖြစ်သည်။